ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၇ ၊ အမှတ် ၄    ၂၀၂၂ ခုနှစ် ၊ မတ်လ ၁ ရက်

## အလုပ်သင် ဒုတိယအကောက်ခွန်မှူးရာထူး (၆၅) နေရာ ခေါ်ယူခန့်ထားနိုင်ရေး ရေးဖြေစာမေးပွဲ ကျင်းပခြင်း



အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယအကောက်ခွန်မှူး ရာထူးနေရာများ ပြင်ပမှ ခေါ်ယူခန့်ထားနိုင်ရေးအတွက် (၂၃-၁၂-၂၀၂၁) ရက်နေ့မှ (၇-၁-၂၀၂၂) ရက်နေ့အထိ အကောက်ခွန်သင်တန်းကျောင်း၌ လျှောက်လွှာများထုတ်ယူခြင်းနှင့် (၁၀-၁-၂၀၂၂) ရက်နေ့မှ (၂၈-၁-၂၀၂၂) ရက်နေ့အထိ လျှောက်လွှာများလက်ခံခြင်း ပြုလုပ်နိုင်ရန် (၂၃-၁၁-၂၀၂၁) ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများ၌ ကြော်ငြာများထည့်သွင်းခဲ့ပါသည်။

(၄-၂-၂၀၂၂) ရက်နေ့တွင် သတင်းစာတွင်ခေါ်ယူခဲ့သော သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိသဖြင့် ဖြေဆိုခွင့်ရရှိသူ (၇၅၁) ဦးအား (၁၃-၂-၂၀၂၂) ရက်နေ့တွင် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များ ဖြေဆိုနိုင်ရေး Customs Website နှင့် MACCS Facebook Page တို့တွင် ကြေညာခဲ့ပါသည်။

# အလုပ်သင် ဒုတိယအကောက်ခွန်မှူးရာထူး (၆၅) နေရာ ခေါ်ယူခန့်ထားနိုင်ရေး ရေးဖြေစာမေးပွဲ ကျင်းပခြင်း



(၁၃-၂-၂၀၂၂) ရက်နေ့တွင် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ၊ ဗိုလ်တထောင်မြို့နယ်တွင် ရေးဖြေစာမေးပွဲကျင်းပပြုလုပ်ခဲ့ပြီး ဖြေဆိုခွင့်ရရှိသူ (၇၅၁)ဦးအနက် လာရောက် ဖြေဆိုသူ (၅၇၈) ဦးရှိခဲ့ပါသည်။



# အကောက်ခွန်မှူး မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၂)သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပခြင်း



အကောက်ခွန်ဦးစီးဌာနရုံးချုပ် ၊ ဧယျာသီဟခန်းမ၌ အကောက်ခွန်မှူး မွမ်းမံသင်တန်း (၁/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို (၇-၂-၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အကောက်ခွန်မှူးရာထူးအတွက် ယှဉ်ပြိုင်ရွေးခံ အောင်မြင်ခဲ့သော အကောက်ခွန်မှူး (၂၅) ဦးမှ တစ်ဦးချင်း မိတ်ဆက်တင်ပြခဲ့ပြီး အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများမှ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြပါသည်။

သင်တန်းသား သင်တန်းသူများကို အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ စစ်ရေးပြ လေ့ကျင့်ခန်းနှင့် ဌာနခွဲသင်ခန်းစာများ ဆက်လက်ပို့ချလျက်ရှိပါသည်။



# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၆၆၀.၇၃၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ(၁) ရက်နေ့မှ (၂၈) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၁၀၀) မှုဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် (၁၆၆၀.၇၃၅) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ဖမ်းဆီးမှု









(၅.၂.၂၀၂၂) ရက်နေ့တွင် MIP ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့မှ စစ်ဆေးရာတွင် Ivory Coast Asia Co.,Ltd က တရုတ်နိုင်ငံမှ တင်သွင်းလာပြီး Triple One Agency မှ ရှင်းလင်းဆောင်ရွက်သည့် ကုန်သေတ္တာ (၂) လုံးအား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ID တွင်ဖော်ပြကြေညာထားခြင်းမရှိသော အလှကုန်ပစ္စည်း (၃) မျိုး ၊ ခန့်မှန်းတန်ဖိုးကျပ် (၈၂,၈၀၀,၀၀၀/-) ခန့်အား အမှုတွဲအမှတ် ၁ - ရာ / ကသတ (MIP) / ၂၀၂၂ (၈)ဖြင့်လည်းကောင်း၊ ID တွင် ကြေညာထားခြင်းမရှိသော လူသုံးကုန်ပစ္စည်း (၃) မျိုး ၊ ခန့်မှန်းတန်ဖိုးကျပ် (၈,၆၀၀, ၀၀၀/-) ခန့်အား အမှုတွဲအမှတ်၊ ၁ - ရာ / ကသတ (MIP) / ၂၀၂၂ (၈ - က) ဖြင့်လည်းကောင်း တားဆီးခဲ့သောအမှုဖြစ်ပါသည်။

## အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၆၆၀.၇၃၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ရန်ကုန် တားဆီး/ဖမ်းဆီးမှု




(၂၅-၂-၂၀၂၂) ရက်နေ့တွင် MIP ဆိပ်ကမ်း၌စုံစမ်းစစ်ဆေးရေးနှင့်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဌာနခွဲမှ Bright Sunshine Co.,Ltd က တင်သွင်းလာသော ပေ ၄၀ ကုန်သေတ္တာအား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ID တွင် ဖော်ပြကြေညာထားခြင်းမရှိသော ကုန်ပစ္စည်း (၁၅) မျိုး ၊ (606)Pkgs၊ ခန့်မှန်းတန်ဖိုးကျပ်(၅၅,၂၃၁,၀၀၀/-) ခန့်အား အမှုတွဲအမှတ် ၁ - ထလ / ၂၀၂၂ (၀၀၂) ဖြင့် လည်းကောင်း ၊ တာဝန်ကျအကောက်ခွန်အဖွဲ့သည် IVORY COAST ASIA INTERNATIONAL CO.LTD က တရုတ်နိုင်ငံမှ တင်သွင်းလာပြီး Triple One Agency မှ ရှင်းလင်းဆောင်ရွက်သည့် ကုန်သေတ္တာ (၁) လုံးအား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ID တွင်ကြေညာထားသည်ထက်ကွဲလွဲစွာ ပါရှိလာသော လူသုံးကုန်ပစ္စည်း (၄)မျိုး ၊ ခန့်မှန်းတန်ဖိုးကျပ်(၂၆,၀၀၀,၀၀၀/-) ခန့်အား အမှုတွဲအမှတ် ၁-ရာ/ ကသတ (MIP) / ၂၀၂၂ (၁၃) ဖြင့် လည်းကောင်း တားဆီးခဲ့သော အမှုများဖြစ်ပါသည်။



## အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၆၆၀.၇၃၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေ တားဆီး/ ဖမ်းဆီးမှု





(၂၁-၂-၂၀၂၂) ရက်နေ့ (၁၅:၃၀) အချိန်ခန့်တွင် မိုးမောက်မြို့ဘက်မှ လွယ်ဂျယ်မြို့ဘက်သို့ မောင်းနှင်လာသော ယာဉ်အား ကျောက်စခန်းပူးပေါင်းစစ်ဆေးရေးဂိတ်မှ တားဆီးစစ်ဆေးရာ ယာဉ်ပေါ်တွင် ဘိလပ်မြေအိတ်များနှင့် ဖုံးအုပ်သယ်ဆောင်လာသော စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးများ ၊ ကျောက်ဖြတ်စများ နှင့် ပုတီးစေ့များ စုစုပေါင်း (9065) Kg ၊ ခန့်မှန်းတန်ဖိုး ကျပ် (၄၅၃,၂၅၀,၀၀၀/- ) ခန့်အား အမှုတွဲအမှတ် ၁၁-ဗမ/၂၀၂၂(၁) ဖြင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ တားဆီးခဲ့သော အမှုဖြစ်ပါသည်။









# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၆၆၀.၇၃၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေ တားဆီး/ ဖမ်းဆီးမှု




နယ်မြေတားဆီး/ဖမ်းဆီးမှုအနေဖြင့် (၅-၂-၂၀၂၂) ရက်နေ့ (၁၅:၄၀) အချိန်တွင် မန္တလေး-လားရှိုးပြည်ထောင်စုလမ်းမကြီး (၂၁) မိုင်အနီးတွင် စုံစမ်းစစ်ဆေးရေးအရာရှိ (မန္တလေး) နှင့် စုံစမ်းစစ်ဆေးရေးနှင့်တရားမဝင်တိုက်ဖျက်ရေးဌာနခွဲမှ ဦးစီးအရာရှိ ဦးမိုးနိုင် ဦးစီးသော အဖွဲ့သည် သတင်းအရ စောင့်ဆိုင်းနေစဉ် ချင်းရွှေဟော်မှ မန္တလေးသို့ မောင်းနှင်လာသော HINO အမျိုးအစား (၁၂) ဘီးယာဉ်အား တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ ID တွင်ဖော်ပြကြေညာထားခြင်း မရှိသည့် Child Sock (1800) Set အပါအဝင် (၁၆၄) မျိုး ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၂၃,၁၀၅,၀၀၀/- ) အား အမှုတွဲအမှတ်၊ ၁၁-မလ/၂၀၂၂(စစရ)(၀၀၂) ဖြင့်လည်းကောင်း ၊ Peach(Mild Skin Toner 200ml) (72)U၊ အပါအဝင်ပစ္စည်း(၁၆)မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁,၆၁၇,၅၀၀/-) အား အမှုတွဲ အမှတ်၊ ၁၁-မလ/၂၀၂၂(စစရ)(၀၀၂-ခ) ဖြင့်လည်းကောင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်တားဆီးခဲ့သော အမှုဖြစ်ပါသည်။

## အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၆၆၀.၇၃၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြား ဖမ်းဆီး/ တားဆီးမှု

(၁၁-၂-၂၀၂၂) ရက်နေ့ (၁၅:၃၀) အချိန်ခန့်တွင် မြဝတီ မှ ရန်ကုန်သို့ သွားရောက်မည့် GI Express ယာဉ်သည် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေး ရေးစခန်းသို့ ဝင်ရောက်အစစ်ဆေးခံရာ ယာဉ်ပေါ်တွင် အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် Mobile Phone (244) U ၊ ခန့်မှန်း တန်ဖိုးကျပ် (၇၅,၀၀၀,၀၀၀/-) ခန့်အား စစ်ဆေးတွေ့ရှိခဲ့သဖြင့် အမှုတွဲအမှတ် ၁၁-ဘအ(တတက) /၂၀၂၂ (၀၁၇-က) ဖြင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် အညီ တားဆီးခဲ့သော အမှုဖြစ်ပါသည်။







## အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၆၆၀.၇၃၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြား ဖမ်းဆီး/ တားဆီးမှု




(၂၇-၂-၂၀၂၂) ရက်နေ့ နံနက် (၀၈:၂၀) အချိန်ခန့်တွင် ရေပူအမြဲတမ်းစစ်ဆေးစခန်း ပို့ကုန် (ယာဉ်ကြီး) စစ်ဆေးသည့်နေရာတွင် မန္တလေး - မူဆယ်သွားမည့် ယာဉ်ပေါ်၌ ဖရဲသီးများဖြင့် ဖုံးအုပ်တင်ဆောင်လာသည့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် ကျွန်းသစ်ခွဲသား (ဆိုဒ်စုံ) ခန့်မှန်းတန်ဖိုးကျပ် (၈,၃၂၃,၂၀၀/- ) ခန့်အား အမှုတွဲအမှတ် ၁၁-လရ(ရပ) /၂၀၂၂(၀၁၃) (၂၈-၂-၂၀၂၂) ဖြင့်လည်းကောင်း ၊ တရားမဝင် ကျွန်းသစ်များ သယ်ဆောင်လာသော MITSUBISHI FUSO (12W) မော်တော်ယာဉ်(၁)စီး ၊ ခန့်မှန်းတန်ဖိုးကျပ် (၅၀,၀၀၀,၀၀၀/-) အား အမှုတွဲအမှတ်၊ ၁၁-လရ(ရပ)/၂၀၂၂(၀၁၃-က) (၂၈-၂-၂၀၂၂) ဖြင့်လည်းကောင်း အမှုတွဲဖွင့်လှစ် တားဆီးခဲ့ပြီး သစ်တောဦးစီးဌာနသို့ ဆက်လက်ဆောင်ရွက်နိုင်ရန် လွှဲပြောင်းခဲ့ပါသည်။



